# ဉာဏ်ကောင်းတဲ့ ဖားကလေး



# The Smat Frog
# ဉာဏ်ကောင်းတဲ့ ဖားကလေး

Author: Trần Nguyễn Thiên Lộc
Illustrator: Trần Lưu Đăng Nguyên

Editor: လူသာမန်
Translators: နေသာ၊ ဆုမြတ်ငွေး၊ လှမိုး

MM-ABP-19-0053
Copyright © 2012 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Vietnam by Room to Read in 2012
First Myanmar Language Edition
ISBN – 978-99971-54-47-7

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma). Learn more at www.mbapf.org


Room to Read

Room to Read ® provides technical assistance services in children's literacy and girls' education. Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Vietnam: 972E Truong Sa Street, Ward 13, District 3,
Ho Chi Minh City, Vietnam
www.roomtoread.org

# ဉာဏ်ကောင်းတဲ့ ဖားကလေး














ဖားကလေးဟာ  ဥယျာဉ်ထဲမှာ နေပါတယ်။ သူ့လိုပဲ
ဥယျာဉ်ထဲမှာနေကြတဲ့ သူတိုင်းက ဖားကလေးကို
နောက်ပြောင်လေ့ ရှိကြတယ်။ ဒါပေမယ့် ဘယ်သူမှ သူနဲ့
မကစားကြဘူး။





တစ်ရက်မှာတော့ ဖားကလေးဟာ ဝမ်းနည်းလွန်းတာကြောင့်
အဝေးကို ထွက်ပြေးသွားခဲ့တယ်။ သူက အိမ်တစ်အိမ်ထဲ ခုန်ဝင်ပြီး
ကောင်လေးတစ်ယောက်ရဲ့ အိပ်ရာအောက်မှာ ပုန်းနေလိုက်တယ်။




သိပ်မကြာခင်မှာ ကောင်လေးရဲ့ အမေ ဝင်လာပြီး ကောင်လေးရဲ့ အိမ်စာတွေကို ယူကြည့်တယ်။

“သား အမှတ်တွေလည်း မကောင်းဘူး။ ဉာဏ်ကောင်းတဲ့ ကောင်လေး မဖြစ်ချင်ဘူးလား” လို့ မိခင်ဖြစ်သူက မေးလိုက်တယ်။



ကောင်လေးက လုံးဝ စာမကြိုးစားသူပါ။ အပျင်းကြီးလွန်းလို့
တစ်ရက်မှာ သူ့စာအုပ်ထဲက စာလုံးတွေရော နံပါတ်တွေပါ
ထွက်ပြေးကုန်ကြတယ်။

ဖားကလေးကတော့ ကောင်လေးရဲ့ အိပ်ရာအောက်မှာ ရှိနေတုန်းပဲ။ သူက စာလုံးတွေနဲ့ နံပါတ်တွေကို တွေ့လိုက်ရတဲ့အခါ ဝမ်းသာလွန်းလို့ ထခုန်တယ်။



“ငါ ဒါတွေကို အကုန် သင်ပစ်မယ်ကွ” လို့ သူက ရေရွတ်လိုက်တယ်။ “ဒါဆို ငါ ဉာဏ်ကောင်းသွားမှာ၊ ဘယ်သူမှလည်း ငါ့ကို နောက်တော့မှာ မဟုတ်ဘူး”



စာလုံးတွေနဲ့ နံပါတ်တွေက မသုံးတာကြာလွန်းလို့
ဖုန်တွေတောင် တက်နေပြီ။ ဖားကလေးက သူတို့
အားလုံးကို ဖုန်သုတ်ပေးတယ်။




ဖားလေးက ဒီစာလုံးတွေရဲ့အကူအညီနဲ့ စာလုံးပေါင်းတတ်၊
စာရေးတတ်လာတယ်။ နံပါတ်တွေကလည်း ရေတွက်
တတ်အောင်၊ သင်္ချာတွက်တတ်အောင် ကူညီပေးတယ်။



ဖားကလေးဟာ တစ်လလုံးလုံး
ကြိုးကြိုးစားစား သင်ယူခဲ့တယ်။



အချိန်တစ်ခုရောက်တော့ ဖားကလေးဟာ
စာတွေ ကောင်းကောင်း ဖတ်တတ်နေပြီ။





တစ်ရက်မှာတော့ ဖားကလေးကို ကောင်လေးရဲ့
အမေက တွေ့သွားတယ်။ ဖားကလေးဟာ အိမ်ကနေ
မောင်းထုတ်ခံလိုက်ရတယ်။

ဒါပေမယ့် ဒီအချိန်မှာတော့ ဖားလေးက
စာ တော်တော်တတ်နေပြီလေ။ ဥယျာဉ်ထဲ
ရောက်တော့လည်း စာကို ဆက်သင်နေတုန်းပဲ။



“ဖားကလေးက စာတွေကို ဖတ်လည်းဖတ်တတ်တယ်။ ရေးလည်း ရေးတတ်တယ်။ သင်္ချာတွေလည်း တွက်တတ်နေပြီ” လို့ ကျန်တဲ့ဖားတွေအားလုံးက ဝိုင်းပြောကြတယ်။



“အိုး... ငါတို့ကို ပြန်သင်ပေးပါလား ဖားကလေးရယ်”



နောက်တစ်ရက်ရောက်တော့ အပျင်းကြီးတဲ့ကောင်လေးက
သူ့စာအုပ်ကို ဖွင့်လိုက်တဲ့အခါ...
“စာတွေရော၊ နံပါတ်တွေပါ ဘယ်ရောက်ကုန်ပြီလဲလို့”
အလန့်တကြား ထအော်လိုက်တယ်။

စာလုံးတွေ အားလုံးကို ဖားကလေး ယူသွားတယ်ဆိုတာ
သူ မသိလိုက်ဘူးလေ။




အခုဆိုရင်တော့ ဖားလေးက ဥယျာဉ်ထဲမှာ အတော်ဆုံး
ဖြစ်သွားပြီ။

A lonely frog sneaks into the bedroom of a lazy boy. Under the boy's bed, he finds abandoned letters and numbers, whom he befriends. They teach him how to read and how to count, and soon he becomes a smart frog. What will he do with his new talents?



Trần Nguyễn Thiên Lộc သည် ကလေးစာပေများ ရေးသားလာသည်မှာ ဆယ်နှစ်နီးပါး အတွေ့အကြုံရှိခဲ့သူ ဖြစ်သည်။ ကလေးစာပေနှင့် စာဖတ်ခြင်းကို ချစ်မြတ်နိုးစိတ် ပိုတိုးလာစေရန် သူရေးသားသော စာများက အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်ထားသူတစ်ယောက်လည်း ဖြစ်သည်။



Trần Lưu Đăng Nguyên သည် HCMC University of Architecture တွင် Graphic Design ကို လေ့လာနေသူ တစ်ယောက်ဖြစ်သည်။ သူမသည် လူငယ် စာဖတ်သူများ လေ့လာစေရန် ကမ္ဘာသစ်တစ်ခု ဖန်တီးနိုင်ဖို့ မျှော်လင့်ကာ သရုပ်ဖော်ပန်းချီများ ရေးဆွဲနေသူ ဖြစ်သည်။

အထီးကျန်နေတဲ့ ဖားကလေးတစ်ကောင်ဟာ အပျင်းကြီးတဲ့ ကောင်လေးတစ်ယောက်ရဲ့ အခန်းထဲကို ခိုးဝင်သွားတယ်။ သူက နံပါတ်တွေရော၊ စာလုံးတွေနဲ့ပါ တွေ့ပြီး စာဖတ်တတ်၊ သင်္ချာတွက်တတ်လာခဲ့တယ်။ တစ်ချိန်တုန်းက သူ့ကို အမြဲလှောင်ပြောင်တတ်ကြတဲ့ ဖားတွေနဲ့ ပြန်တွေ့တဲ့အခါမှာတော့...။

